၁၃၅၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
စာအမှတ်
ရက်စွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်ကြော်ငြာစာအမှတ် ၁၀၁ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

## အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဘဏ္ဍာငွေ ပြည့်ဝစွာရရှိရေးအတွက် အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများကို ကြီးကြပ်ပံ့ပိုးဆောင်ရွက်နိုင်ရန် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

၁။ ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခွန်အပြည့်အဝ ကောက်ခံရရှိရေးအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) အခွန်အပြည့်အဝ ကောက်ခံရရှိရေးအတွက် ဆောင်ရွက်မည့်အဆင့်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ခြင်း၊

(ဂ) ဆောင်ရွက်ချက်များအား အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်း၊

(ဃ) အခွန်ကောက်ခံမှု စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အခွန်ထမ်းများ တာဝန်သိသိလိုလားစွာဖြင့် အခွန်ထမ်းဆောင်လာစေရန် နိုင်ငံနှင့်အဝန်း စည်းရုံးဆောင်ရွက်ခြင်းကို ကြီးကြပ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အခွန်အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်မှုအခြေအနေများအား ကြီးကြပ်ခြင်း။

၃။ နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့

| | | |
|---|---|---|
| (က) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ရဲမှူးကြီး<br>နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (ဆ) | လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌများ<br>ပြည်ထောင်စုနယ်မြေ | အဖွဲ့ဝင် |
| (ဇ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သူ<br>နေပြည်တော်ကောင်စီဝင်တစ်ဦး | အတွင်းရေးမှူး |
| (ဈ) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၄။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြို့တော်စည်ပင်သာယာရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး ဦးစီးဌာနမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီး<br>လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (ည) | စီးပွားရေးရာဝန်ကြီး<br>တိုင်းဒေသကြီး အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (ဋ) | တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
စည်ပင်သာယာရေးအဖွဲ့

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် — အဖွဲ့ဝင်
လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ

(ဈ) စီးပွားရေးရာဝန်ကြီး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် — တွဲဖက်အတွင်းရေးမှူး
အခွန်ဦးစီးဌာနမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

၆။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အခွန် အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်မှုအခြေအနေများအား ကြီးကြပ်ခြင်း၊

(ခ) မူဝါဒပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်ပါက ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ထံ လမ်းညွှန်မှုခံယူခြင်း၊

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်မှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေကို ပြည်ထောင်စု အဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ထံ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

(ဃ) မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် လိုအပ်သလို လမ်းညွှန်ကြီးကြပ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(င) အခွန်ထမ်းများ တာဝန်သိသိ လိုလားစွာဖြင့် အခွန်ထမ်းဆောင်လာစေရန် နိုင်ငံနှင့်အဝန်း စည်းရုံးဆောင်ရွက်ခြင်း၊

(စ) ရသင့်ရထိုက်သည့် အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရေး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ တွန်းအားပေးဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းတာဝန်ကို အသုံးပြု၍ အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

၇။ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး/<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | မြို့နယ်အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အတွင်းရေးမှူး |

၈။ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခွန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းခြင်း၊

(ဂ) မြို့နယ်အတွင်း လုပ်ငန်းလုပ်ကိုင်နေသူများ၊ အခြေပစ္စည်းရောင်းချသူများ၊ ဝယ်ယူသူများ၊ တည်ဆောက်သူများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) စည်းကြပ်တောင်းခံထားသည့် အခွန်များ၊ လစဉ်ပေးသွင်းရမည့် အခွန်များကို သက်ဆိုင်ရာဌာနက အပြည့်အဝကောက်ခံရရှိရေး ပူးပေါင်းကူညီခြင်း၊

(င) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များက လိုက်နာခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖော်ထုတ်ခြင်းနှင့်လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) အခွန်ထမ်းများ တာဝန်သိသိလိုလားစွာဖြင့် အခွန်ထမ်းဆောင်လာစေရန် နိုင်ငံနှင့်အဝန်း စည်းရုံးဆောင်ရွက်ခြင်း။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

အမှုဆောင်ချုပ်

စာအမှတ်၊ ၁၁၂ ( ၆ ) / ၈ / ကောင်စီရုံး(၂၀၂၅)

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

ဖြန့်ဝေခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၂၀/၈/၂၀၁၉

မြတ်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး